၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တံချူသျှင်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ နားနန့်ထွန်ကျေးရွာအုပ်စု၊ နန့်ကျင်ကြိုးဝိုင်းအတွင်းရှိ မြေဧရိယာ (၂၀)ဧက ကျယ်ဝန်းသော ရွှေသတ္တုလုပ်ကွက်အမှတ်(SBM-316)၊ ခန့်မှန်းမြေပုံအညွှန်း 83P/9SG-267674,266674,265664,266664 တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ တစ်ဆင့် ရည်ညွှန်း (၁) ပါစာဖြင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ပေးပို့လာခြင်းအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စိစစ်သုံးသပ်ပြီး ရည်ညွှန်း(၂) ပါစာဖြင့်လည်းကောင်း၊ ရည်ညွှန်း (၃) ပါစာဖြင့် ပြန်လည်တင်ပြလာခြင်းအပေါ် ရည်ညွှန်း(၄)ပါစာဖြင့်လည်းကောင်း၊ သဘောထားမှတ်ချက်ပြန်ကြားခဲ့ပါသည်။ အဆိုပါ ပြန်ကြားစာအရ ရည်ညွှန်း (၅) ပါစာဖြင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ပြန်လည်တင်ပြလာခြင်းဖြစ်ပါသည်။

၂။ ရည်ညွှန်း(၅)ပါစာဖြင့် တံချူသျှင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အပေါ် အတည်ပြုပြန်ကြားခွင့်ပြုပါရန် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခဲ့ရာ ပြန်ကြားခွင့်ပြုကြောင်း ရည်ညွှန်း(၆)ပါစာဖြင့် အကြောင်းပြန်ကြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ တံချူသျှင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ နားနန်ထွန်ကျေးရွာအုပ်စု၊ နန့်ကျင်ကြိုးဝိုင်းအတွင်းရှိ မြေဧရိယာ (၂၀) ဧက ကျယ်ဝန်းသော ရွှေသတ္တုလုပ်ကွက်အမှတ် (SBM-316) တွင် ရွှေသတ္တုထုတ်လုပ်ခြင်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို အတည်ပြုပါကြောင်းနှင့် အောက်ဖော်ပြပါအချက်များအား အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း အကြောင်းကြားပါသည်-

(က) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံကိန်းဆောင်ရွက်သူကိုယ်တိုင်ဖြစ်စေ၊ စီမံကိန်း ကိုယ်စားလုပ်ငန်းဆောင်ရွက်သော သို့မဟုတ် စီမံကိန်း ဆောင်ရွက်သူက ခန့်အပ်၊ ငှားရမ်း၊ လုပ်ပိုင်ခွင့်ပေးအပ်ထားသော ကန်ထရိုက်တာများ၊ လက်ခွဲကန်ထရိုက်တာများ၊ အရာရှိများ၊ (လုပ်သား) ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ၊ ကိုယ်စားပြုသူများနှင့် အကြံပေးပုဂ္ဂိုလ်များကဖြစ်စေ ပြုလုပ်သော သို့မဟုတ် ပျက်ကွက်သော လုပ်ငန်းများအားလုံးအတွက်လည်းကောင်း၊ ဆိုးကျိုးထိခိုက်မှုအားလုံးအတွက်လည်းကောင်း စီမံကိန်းဆောင်ရွက်သူက ဥပဒေကြောင်းအရနှင့် ငွေရေးကြေးရေးအရ အပြည့်အဝတာဝန်ယူဆောင်ရွက်ရန်၊